ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၁)

(Village Development Project)

မန်းပွဲလုံကျေးရွာအုပ်စု၊ ဈေးကုန်းကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဈေးကုန်းကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	စွေးကုန်းကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	စွေးကုန်းကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	စွေးကုန်းကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စွေးကုန်းကျေးရွာ
လားရှိုးမြို့နယ်


ဈေးကုန်းကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်



စျေးကုန်းကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



ဈေးကုန်းကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လာ:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ဈေးကုန်းကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်အတွင်း၌ တည်ရှိပါသည်။ လားရှိုးမြို့၏ တောင်ဘက်တွင် တည်ရှိပြီး ဇရိယာအကျယ်အဝန်းမှာ(၁)စတုရန်းမိုင် ရှိပါသည်။ လားရှိုးမြို့နှင့်(၁၃)မိုင် အကွာအဝေးခန့်တွင် တည်ရှိပါသည်။ ဈေးကုန်းကျေးရွာ၏ အရှေ့နှင့်တောင်ဘက်တွင် လယ်ကွင်းများရှိပြီးအနောက်တွင် ရေထွက်ဦး၊ တောတောင် နှင့်သစ်တောများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/မြေပြန့်များ ဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေး မျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၈)ဧက၊ ယာမြေ/တောင်ယာမြေ(၂၇၈)ဧက၊ စုစုပေါင်း(၂၈၆)ဧကရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်တို့မရှိပါ။ ကျွန်တော်တို့ကျေးရွာတွင် မြစ်ချောင်းကြီးများ မရှိပါသဖြင့် ကျောက်၊ သဲ၊ ကျောက်စရစ်များကို မရရှိနိုင်ပါ။ ကျောက်၊ သဲများကို အခြားရွာများမှ ဝယ်ယူအသုံးပြုရပါသည်။ သဘာဝအပင်မျိုးစိတ်များ၊ နွားစာ၊ ဆေးဖက်ဝင်အပင်များ အနည်းငယ်ရရှိနိုင်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးလှပါသည်။ ကျီး၊ တောက်၊ တောကြက်နှင့် အခြားသတ္တဝါငယ်၊ မြေအောင်းသတ္တဝါများ၊ တွားသွားသတ္တဝါများ၊ တိရစ္ဆာန်များကို တွေ့ရှိနိုင်ပါသည်။ ရေအောက်တွင်နေထိုင်ပါသော သက်ရှိသတ္တဝါဒေသငါးမျိုးစိတ်များကိုလည်း တွေ့ရှိနိုင်ပါသည်။ လူဦးရေထူထပ်လာခြင်းနှင့် သစ်တောပြုန်းတီးခြင်းများကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးလာကြောင်း ယူဆရပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ဈေးကုန်းကျေးရွာတွင် အိမ်ထောင်စု (၆၀)အိမ်ရှိပြီး လူဦးရေစုစုပေါင်း(၃၄၅)ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၁၉၄)ယောက်၊ မ (၁၅၁)ယောက် စုစုပေါင်း(၃၄၅) ယောက် ရှိပါသည်။ နို့စို့အရွယ်ကလေး ကျား(၂)ယောက်၊ မ (၁)ယောက်၊ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၇)ယောက်၊ မ(၈)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၇)ယောက်၊ မ(၂၀)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၂၄) ယောက်၊ မ(၁၄)ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၁၃၆)ယောက်၊

မ(၁၀၇) ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၅)ယောက်၊ မ (၆) ယောက်ရှိပါသည်။ မွေးကင်းစ ကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ ကျေးလက် ကျန်းမာရေးဌာနမှ နို့စို့အရွယ်ကလေးများကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျှက်ရှိပါသည်။ မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြိုကျောင်း မရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများက ထိန်းကျောင်းပေးပြီး မိဘများက ဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အလယ်တန်းကျောင်းတစ်ကျောင်းရှိပါသည်။ တခြားရွာများမှ ကလေးများသည်လည်း ကျွန်တော်တို့ရွာရှိ ကျောင်းတွင်သာ တက်ရောက်ရပါသောကြောင့် စာသင်ခန်းများ၊ ဆရာ/မများ မလုံလောက်ပါ။ အိမ်ထောင်စု အများစုသည် စီးပွားရေးမပြေလည်မှုကြောင့် သားသမီးများသည် ကျောင်းပြီးသည့်တိုင် မတက်ရောက်နိုင်ပဲ အလုပ်လုပ်ကိုင်ကြရပါသည်။ အလုပ်လုပ်နိုင်သော အရွယ်များသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်းနှင့် ဈေးရောင်းခြင်းတို့ကို လုပ်ကိုင်ကြပြီး တစ်ချို့သောသူများသည် ပြည်တွင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြပြီး ပြန်ပို့ငွေများကို ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)မှတဆင့်ပေးပို့ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်တော်တို့ ဈေးကုန်းကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ပြောင်းနှင့်စပါးကို အဓိကစိုက်ပျိုးပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ တောင်ယာစိုက်ပျိုးရာတွင် စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာအားထား၍ စိုက်ပျိုးရပါသည်။ စပါးကိုမိသားစုစားသုံးရန်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ အိမ်တွင်စားသုံးရန် မိမိခြံဝင်းအတွင်း အသီးအရွက်များ အနည်းငယ်စိုက်ပျိုးကြပါသည်။ အိမ်ထောင်စုအများစုသည် တောင်ယာကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြပါသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် အလုပ်သမားငှာရမ်းခဈေးကြီး၍ တချို့သောအိမ်ထောင်စုများသည် ဝိုင်းလုပ်ဝိုင်းစား သဘောဖြင့်သာ ကူညီလုပ်ကိုင်ကြပါသည်။ ပြီးခဲ့သော ၃/၄နှစ်တွင် မျိုးစေ့ဈေးနှုန်း၊ မြေဩဇာဈေးနှုန်းများ မြင့်မားလာမှုကြောင့် တောင်ယာလုပ်ငန်းအပြင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူလာကြသည်။

ကျွန်တော်တို့ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ကျေးရွာသား ကိုယ်တိုင်ဆန်းစစ်သုံးသပ်အကဲဖြတ်သောနည်းလမ်းများအရ အဆင်ပြေသော အိမ်ထောင်စု(၃.၃၃) ရာခိုင်နှုန်း၊ အလယ်အလတ် အိမ်ထောင်စု (၆၆.၆၇)ရာခိုင်နှုန်း၊ မပြေလည်သော အိမ်ထောင်စု (၂၁.၆၇) ရာခိုင်နှုန်း၊ အလွန်မပြေလည်သောအိမ်ထောင်စု (၈.၃၃)ရာခိုင်နှုန်းရှိပါသည်။ အဆင်ပြေသော

အိမ်ထောင်စုများမှာ လယ်နှင့်ယာအများဆုံးပိုင်ဆိုင်သော အိမ်ထောင်စု၊ ကား၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ပိုင်ဆိုင်ခြင်း၊ တိုက်အိမ်ဖြင့် နေထိုင်ခြင်းများကြောင့် အဆင်ပြေသော အိမ်ထောင်စုဖြင့် သတ်မှတ်ကြသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ လယ်နှင့်ယာများ ပိုင်ဆိုင်ပြီး တိုက်အိမ်ဖြင့် နေထိုင်သော အိမ်ထောင်စုများ ဖြစ်သည်။ အဆင်မပြေသော အိမ်ထောင်စုများမှာ မြေယာဧကသာပိုင်ပြီး အိမ်ထောင်ဦးစီးတစ်ဦးသာ လုပ်ကိုင်သော အိမ်ထောင်စု၊ ကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများ ဖြစ်ကြသည်။ အလွန်အဆင်မပြေသော အိမ်ထောင်စုများမှာ တဲအိမ်ဖြင့်နေထိုင်၍ တစ်နေ့လုပ်တနေ့စားကြသူများဖြစ်ပါသည်။ တစ်ချို့ အိမ်ထောင်စုများသည် စိုက်ပျိုးရေးအလုပ်နှင့်တင် ဝမ်းစာမလုံလောက်၍ ပြည်တွင်းနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ပြီး မိသားစုကို ဟွန်ဒီမှ တဆင့် ငွေလွှဲပေးကြပါသည်။

ကျွန်တော်တို့ ဈေးကုန်းကျေးရွာ၏ (၃၆.၆၇%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်သည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကအောက်ရှိသော အိမ်ထောင်စုသည် (၁၃.၃၃%)ခန့်ရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာအနည်းငယ် ရှိပါသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စုသည် (၂၃.၃၃%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ဧကမှ၁၂.၅ဧကကြားရှိသော အိမ်ထောင်စုသည်(၂၀.၀၀%)ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ဧကအထက်ရှိသော အိမ်ထောင်စု သည်(၆.၆၇%)ခန့်ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။

ကျွန်တော်တို့ ဈေးကုန်းကျေးရွာတွင် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦးလျှင် အများဆုံး(၁၀၀၀၀)မှ (၆၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး (၆၀၀၀) မှ အနည်းဆုံး(၅၀၀၀)ထိပေးရပါသည်။ လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ကျေးရွာတွင် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့်တောတောင်အတွင်းရှိ သစ်ပင်များကို ခုတ်ယူပြီး မီးသွေးများဖုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ တောင်ကျရေကြောင့် ရံဖန်ရံခါရေကြီးမှု များရှိတတ်ပါသည်။ စိုက်ပျိုးချိန်တွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင်ခြင်းများ ဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများ ရှိလာနိုင်ပါသည်။ သစ်ဝါးများကို ခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင်များစိုက်ပျိုးခြင်းမရှိပါ။ မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းကြောင့် ဒွက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ် ခံစားရလေ့ရှိပါသည်။ သို့သော်ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ

ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေး များ ဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများချိုင့်ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ စားဝတ်နေရေးအတွက် အခြား ဒေသတို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း အလုပ်အာမခံချက် မရှိသောကြောင့် ထိခိုက် လွယ်မှု မြင့်ပါသည်။

ကျေးရွာတွင် လူငယ်များ ဆိုင်ကယ်ကို စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်လွယ်မှုများဖြစ်တတ်သည်။ ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တို့ကြောင့်သော်လည်းကောင်း၊ ဆင်းရဲသားတောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင်ရှားပါးခြင်းကြောင့် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ ဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်တော်တို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၄)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ ယဉ်ကျေးမှုအဖွဲ့၊ လူမှုရေး အဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ သာရေး/နာရေး အဖွဲ့များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဖွံ့ဖြိုးရေးအဖွဲ့များသည် ကျေးရွာ၏ ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆော်သြပေးခြင်း၊ စည်းရုံး ပေးခြင်းများ အခါအားလျော်စွာ ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်း သာရေး/နာရေးပွဲများရှိပါက သာရေး/နာရေးအဖွဲ့မှဦးဆောင်၍ ရွာလုံးကျွတ်တတ်ကြစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

စျေးကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ မရှိပါ။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ စျေးကုန်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၈)ဧက၊ ယာမြေ/တောင်ယာမြေ(၂၇၈)ဧက၊ စုစုပေါင်း (၂၈၆)ဧကရှိပါသည်။ ပြောင်းနှင့်စပါးကို အဓိကစိုက်ပျိုးပါသည်။ တောင်ယာခင်းကို (၂)နှစ်ဆက်တိုက် စိုက်ပျိုးပါက မြေဆီလွှာခမ်းခြောက်ပြီး သီးနှံအထွက်နှုန်းလျော့နည်းပါသည်။ မြေဆီလွှာ အရည်အသွေးမှာ မြေဩဇာမထည့်ဘဲ စိုက်ပျိုး၍ ရသောနေရာများလည်းရှိပါသည်။ ပြောင်းကို အများအားဖြင့် တောင်စောင်းများပေါ်တွင် စိုက်ပျိုးကြပါသည်။ ထိုကြောင့် မိုးကြီး၍ရေတိုက်စားခြင်း၊ ပြောင်းဖူးများပိုးပါခြင်းများ ဖြစ်ပေါ်ပါသည်။ ထိုအချိန်တွင် ပြောင်းအထွက်နှုန်းနည်းခြင်း၊ စျေးနှိမ်ခံရခြင်းများရှိပါသည်။ အချို့တောင်သူ များသည် တောင်ယာမြေများရှိသော်လည်း အရင်းအနှီးမလုံလောက်ခြင်း၊ အလုပ်သမား ငှားရမ်းခမတတ်နိုင်ခြင်းများကြောင့် မစိုက်ပျိုးနိုင်ကြပါ။ ကျေးရွာမှ ထွက်ရှိသော ရွာတွင်းစျေးနှင့်လားရှိုးမြို့ပေါ်ရှိ ပြောင်းပွဲရုံများ၌ သွားရောက်ရောင်းချရပါသည်။ စျေးကုန်း

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ထွန်စက်ကိုသာ အသုံးပြုကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုမှာ စက်ကိရိယာပိုင်ဆိုင်သည့် အိမ်ထောင်စု အနည်းငယ်သာရှိပြီး အများစုမှာ ၄ားရမ်းအသုံးပြုကြရပါသည်။ ထိုသို့ ၄ားရမ်းသုံးစွဲရာတွင် ၄ားရမ်းခမယူဘဲ ဝိုင်းလုပ်ဝိုင်းစားသဘောဖြင့်သာ ကူညီဆောင် ရွက်ကြပါသည်။ တောင်သူများသည် အရင်းအနှီးမတတ်နိုင်ခြင်း၊ နည်းပညာဝန်ဆောင်မှုများ မရရှိခြင်းများ ကြောင့် ယာမြေများ ကို ပြည့်ဝစွာ အသုံးချနိုင်မှုမရှိပါ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း အတွက် ချေးငွေများကို မိတ်ဆွေနှင့်ဆွေမျိုးများ အချင်းချင်းထံတွင် အတိုးမဲ့ဖြင့် ချေးယူရရှိနိုင်သော်လည်း လိုအပ်သည့်အချိန်တွင် ချေးငွေများ အလွယ်တကူမရရှိနိုင်ပါ။ မြို့နှင့် မဝေးသောကြောင့် သီးနှံမျိုးစေ့၊ မျိုးကောင်းမျိုးသန့်များကို ဝယ်ယူနိုင်ပါသည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများကို နီးစပ်ရာ ပြောင်းပွဲရုံများထံတွင် ဝယ်ယူရနိုင်ပါသည်။ စိုက်ပျိုးရေးနည်းပညာအုပ်ချုပ် ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ မရရှိပါ။ ပြောင်းများ ပိုးပါလျှင် သီးနှံများကို ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ ဖျက်ပိုးနှင့်ရောဂါများလည်း အသင့်အတင့် ကျရောက်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားအင်အားမှာလည်း ရရှိနိုင်ပါသည်။ စိုက်ပျိုးရေအဖြစ် မိုးကိုသာ အဓိကအားကိုး၍ စိုက်ပျိုးရပါသည်။ ကျွန်တော်တို့ဈေးကုန်းကျေးရွာတွင် သောက်သုံးရေရရှိမှု ခက်ခဲပါသည်။ စိမ့်စမ်းရေသည် နွေရာသီ၌ ရေထွက်နှုန်းနည်းခြင်း၊ သုံးစွဲသူဦးရေများပြားခြင်း၊ မိုးရာသီတွင် မိုးအဆက်မပြတ် ရွာသွန်းလျှင် ပိုက်အတွင်းသို့ သဲများ၊ ရွံ့များ ဝင်ခြင်း စသည့်အခက်အခဲများနှင့်ကြုံတွေ့ရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ကျေးရွာတွင် ကျွဲ၊ နွားများကို စိုက်ပျိုးရာသီတွင် တောထဲ၌ချည်ထားပြီး ထိန်းကျောင်းမွေးမြူကြရပါသည်။ သီးသန့်စားကျက်မြေဟူ၍ မရှိပါ။ ကြက်၊ ဝက်များကို အိမ်ခြံဝင်းအတွင်း၌ ခြံခတ်၍ မွေးမြူကြပါသည်။ တိရိစ္ဆာန်များကို ကြိုတင်ကာကွယ်ဆေးထိုးနှံမှုမရှိပါ။ ရောဂါဖြစ်ပွားမှုသာ သဘာဝဆေးနည်းဖြင့် ကုသကြပါသည်။ တစ်နိုင်တစ်ပိုင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိအောင် မွေးမြူ ကြပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေများကို မိတ်ဆွေနှင့်ဆွေမျိုးများထံတွင် ချေးယူရရှိသော်လည်း လိုအပ်သည့်ပမာဏ၊ လိုအပ်သည့်အချိန်တွင် မရရှိပါ။ တိရိစ္ဆာန်များအတွက် လိုအပ်သောဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုလည်း အနီးအနားရှိ ရွာများတွင် ဝယ်ယူရရှိနိုင်ပါသည်။ တိရိစ္ဆာန် များ၏ သောက်သုံးရေ၊ သုံးရေများကို စိမ့်စမ်းရေ ထွက်မှ ခပ်ယူသုံးစွဲရပါသည်။ အိမ်ထောင်စုများအားလုံး မြေနေရာလုံလောက်သောသူရှိသကဲ့သို့ မလုံလောက်သောသူများ ရှိပါသည်။ တိရိစ္ဆာန်များကို နယ်မြို့များနှင့်ပွဲစားများမှ ကျေးရွာသို့ လာရောက်ဝယ်ယူကြပါသည်။ ကျွဲ၊ နွားများကို အကောင်ကြီးသေးပေါ်မူတည်၍ ပေါက်ဈေးအတိုင်း ရောင်းချရပါသည်။ ကြက်များကို

(၁)ပိဿာ (၁၀၀၀၀)ဝက်များကို (၁)ပိဿာ (၇၀၀၀)ကျပ်ဖြင့် ရောင်းချရပါသည်။ မွေးမြူရေးနှင့် ပတ်သက်သောနည်းပညာများနည်းလမ်းများမသိသောကြောင့် မိရိုးဖလာနည်းများကို ဆက်လက်ကျင့်သုံးကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအချို့မှာ မိသားစုများအနေဖြင့် ပန်းရံ၊ လက်သမား၊ နေ့စား၊ ကျပန်းစေ့းရောင်းခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိပါသည်။ ယာဉ်မောင်း၊ ယောဉ်စက်ပြင်ခြင်းကိုလည်း အသက်မွေးဝမ်းကျောင်းပြုနေသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ထင်းခုတ်ခြင်း၊သစ်ဥနှင့်သစ်ဖုရှာဖွေခြင်းလုပ်ငန်းနှင့် ခြံထွက်သီးနှံများ စေ့းသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ စေ့းကွက် မကောင်း သောကြောင့် လုပ်သားများငှားရမ်းရန် မလိုအပ်ပါ။ ခိုလိပ်ကျေးရွာသည် လားရှိုးမြို့နှင့်(၁၇)မိုင်သာ ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျွန်တော်တို့ကျေးရွာသည် မဟာဓါတ်အားလိုင်းရရှိသော ကျေးရွာဖြစ်၍ လျှပ်စစ်မီးအသုံးပြုမှု အဆင်ပြေပါသည်။ ရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်းများကို တတ်ကျွမ်းသူအနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ဒေသထွက်ကုန်များရောင်းချရန် စေ့းကွက်နှင့်အသိအမြင်များမရှိ၍ စေ့းကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့်နည်းပညာဆိုင်ရာဝန်ဆောင်မှုများလည်း လိုအပ်လျက်ရှိပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာရှိ တောင်သူလယ်သမားအများစုသည် မိတ်ဆွေနှင့်ဆွေမျိုးများထံတွင် အတိုးမဲ့ ချေးငွေရယူကြပါသည်။ ချေးငွေများကို (၃)လမှ (၆)လအတွင်း ပြန်၍ဆပ်ရပါသည်။ ချေးငွေကိုချေးယူရာတွင် အပေါင်ခံပစ္စည်းမလိုအပ်ပါ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့်အချိန်တွင် လိုချင်သလောက်မရပါ။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာ၏ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သောကြောင့် တစ်နှစ်ပတ်လုံး သွားလာနိုင်သော်လည်း မိုးရာသီတွင် ရေတိုက်စားခြင်း၊ ချိုင့်ခွက်များ ဖြစ်ပေါ်ခြင်းများကြောင့် သွားလာရခက်ခဲခြင်း၊ လမ်းချော်ခြင်းများ ဖြစ်ပေါ်ပါသည်။ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများသည် ကတ္တရာလမ်းများဖြစ်သောကြောင့် တစ်နှစ်ပတ်လုံး အသုံးပြု နိုင်ပါသည်။

ဈေးကုန်းကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် ဆိုင်ကယ် (၅၁)စီး၊ ထော်လာကျီ (၆)စီး ၊ ကား(၁၁)စီး၊ နွားလှည်း(၄)စီး ရှိပါသည်။ အများ အားဖြင့် ဆိုင်ကယ်ကိုသာ အသုံးပြုကြပါသည်။ ကားများကိုမူ လားရှိုးမြို့ပေါ်သို့သွားလာရာတွင် အသုံးပြုကြပါသည်။ရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းမရှိပါသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး မရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ဈေးကုန်းကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိသဖြင့် မီးရရှိမှု အဆင်ပြေပါသည်။ ကျွန်တော်တို့ ဈေးကုန်းကျေးရွာတွင် မဟာဓါတ်အားလိုင်း အသုံးပြုသူ အိမ်ထောင်စု (၅၇)စု၊ ဆိုလာစနစ်ဖြင့် အသုံးပြုသူအိမ်ထောင်စု(၃)စုရှိပါသည်။ အချို့အိမ်ထောင်စုများ၊ မိသားစုများက လျှပ်စစ်မီးလျှောက်ထားခြင်း မရှိသေးပါ။ လျှပ်စစ်မီးမရနိုင်သေးသော အိမ်ထောင်စုများ လျှပ်စစ်မီးရရှိရန်အတွက် ရပ်ရွာမှစီမံကိန်း ချထားလျှက်ရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်တော်တို့ ဈေးကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်းအလုံး (၈၇)လုံး၊ တီဗွီ(၁၀)လုံး၊ ဂြိုလ်တုစလောင်း(၅)ခုတို့မှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၇။ ပညာရေး

ကျွန်တော်တို့ ဈေးကုန်းကျေးရွာတွင် အလယ်တန်းကျောင်းတစ်ကျောင်းရှိ ပါသည်။ ဆရာ/မ အရေအတွက် နည်းပါသည်။ စာသင်ကျောင်းသည် ၁မိုင်ခန့်ကွာဝေးပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်း သွားလေ့ရှိပါသည်။ အစိုးရခန့် ဆရာ/မ (၉)ဦး နှင့် ကျေးရွာခန့်(၁)ဦး ရှိပါသည်။ စာသင်ခုံ(ပရိဘောဂ)များမှာ အနည်းငယ်ပျက်စီး၍ ကျောင်းသားကလေးများ ကြပ်တည်းစွာထိုင်ရခြင်း၊ လွတ်လပ်စွာထိုင်၍ ပညာသင်ကြားရခြင်းမရှိခြင်း အခက်အခဲများတွေ့ကြုံနေရပါသည်။ စာသင်ကျောင်းသည် ကျေးရွာ၏အလယ်တွင် တည်ရှိမှုကြောင့် ကလေးများသွား လာရအဆင်ပြေမှုရှိပါသည်။ အများအားဖြင့် ခြေလျင်ဖြင့်သာ ကျောင်းတက်ကြပါသည်။ ကျောင်းအိမ်သာများမှာလည်း ကောင်းမွန်၍ လုံလောက်မှုရှိပါသည်။ ကလေးများအာဟာရတိုက်ကျွေးမှုရှိပါသည်။

ကျွန်တော်တို့ ဈေးကုန်းကျေးရွာတွင် ဘွဲ့ရပညာတတ်နည်းပါးပါသည်။ ရွာတွင်ရှိသော အတန်းအထိသာ သင်ယူနိုင်ကြပါသည်။ ကျောင်းသားမိဘများသည် မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည့်အတွက် သားသမီးများ၏ ပညာရေးကို မကြည့်ရှုနိုင်ပေ။ ကျောင်းသား ကျောင်းသူများသည် မူလတန်းပညာသင်ယူပြီးပါက မိဘများနှင့်အတူ ယာလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဆက်လက်ပညာသင်ယူဆည်းပူးချင်သော်လည်း အဆင်မပြေသည့်မိဘများကို ကူညီခြင်း၊ အခြားနေရာဒေသများသို့သွား၍ အလုပ်လုပ်ကိုင်ကြပါသည်။ အလယ်တန်း၊ အထက်တန်း

ကျောင်းနေသူ နည်းပါးလှပါသည်။ အထက်တန်းကျောင်း နှင့်တက္ကသိုလ်ကျောင်းသည် ရွာနှင့်(၁၅)မိုင် ဝေးသော လားရှိုးမြို့တွင် တည်ရှိပါသည်။ နေထိုင်ရန်အခက်အခဲရှိခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း များကြောင့် ရွာနှင့်အဝေးသို့ သွား ရောက်ပညာသင်ယူရန် ခက်ခဲလှပါသည်။ အသိပညာဗဟုသုတ မရှိသောမိဘများကြောင့် ဆက်လက်ပညာမသင်ယူရသော လူငယ်များစွာရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာတွင် ဘွဲ့ရပညာတတ်အလွန်နည်းပါးလှပါသည်။ မှူလတန်းပညာကိုတက်ရောက်သူ ဦးရေများ၍ အလယ်တန်း၊ အထက်တန်းပညာ၊ တက္ကသိုလ်ပညာအဆင့်ကို တက်ရောက်သူနည်းပါး ပါသည်။ မှူလတန်းပညာအဆင့်နှင့် ကျောင်းထွက်သူဦးရေများပါသည်။ အဘယ်ကြောင့်ဆိုသော် အဆင့်မြင့် ပညာတက်ရောက်ရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ရာသီဥတုဖောက်ပြန်ခြင်း၊ ကျန်းမာရေးအသိပညာဗဟုသုတရှိခြင်း၊ ရှေးရိုးကိုးသာ လက်ကိုင် ကျင့်သုံးကြခြင်း၊ အစားအသောက်များကို ဆင်ခြင်စားသုံးမမှုမရှိခြင်းများကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများ အနည်းငယ်ဖြစ်ပွားမှုရှိပါသည်။ကျွန်တော်တို့ကျေးရွာအနီးရှိ မန်းပွဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်း ရှိပါသည်။ မြို့နယ်ဆေးရုံနှင့်၁၅မိုင်ခန့်ကွာဝေးသောကြောင့် အရေးပေါ်လူနာ ပို့ဆောင်ရာတွင် အခက်အခဲများရှိပါသည်။ ရွာအနီးအနားတွင် ဆေးဆိုင်ရှိပါသည်။ ဆေးဆိုင်များတွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ။ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုမရှိ ပါ။ သို့သော်လည်း ထူးခြားသော ရောဂါ များလည်း မတွေ့ရှိ ပါ။

ကျွန်တော်တို့ဈေးကုန်းကျေးရွာတွင် သောက်သုံးရေရရှိမှုခက်ခဲပါသည်။ နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ စိမ့်စမ်းရေမှ တစ်နှစ်ပတ်လုံးရေရရှိသော်လည်း မိုးရာသီတွင် မိုးအဆက်မပြတ် ရွာသွန်းလျှင် ပိုက်အတွင်းသို့ သဲများ၊ ရွံ့များ ဝင်သောကြောင့် သန့်ရှင်းသော သောက်သုံးရေ ကိုမရရှိပါ။

ဈေးကုန်းကျေးရွာ၏ အိမ်ထောင်စုအများစုမှာ သန့်ရှင်းသောရေလောင်းယင်လုံအိမ်သာများ ကိုသာ အသုံးပြုကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်တော်တို့ဈေးကုန်းကျေးရွာတွင် လွန်ခဲ့သောနှစ်များတွင် သဘာဝသစ်တော နှင့်တိရစ္ဆာန်များ ပေါများသောဒေသဖြစ်ပါသည်။ လွန်ခဲ့သောနှစ်များတွင် တရားမဝင်သစ်ခိုးထုတ်မှုနှင့် စည်းကမ်းမဲ့သစ်ခုတ်ခြင်းများကြောင့် သဘာဝမှရရှိသော မြေဆီမြေဩဇာများ နည်းပါးလာခြင်း၊ စိမ့်စမ်းရေထွက်နည်းပါးလာခြင်း၊ စိုက်ပျိုးမြေများ အစိုဓါတ်ထိန်းသိမ်းမှုမရှိခြင်းများ ဖြစ်လာပါသည်။ ရွာနှင့် အနီးပတ်ဝန်းကျင်ကို ကျေးရွာပိုင်သစ်တောအဖြစ် ထိန်းသိမ်းနိုင်မှုအားနည်းပါသည်။ စိမ့်စမ်းရေထွက်ရှိသော အနီးပတ်ဝန်းကျင်ကိုသာ သစ်တောကြိုးဝိုင်းအဖြစ် သစ်ပင်များစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများ

ရှိပါသည်။ စိုက်ပျိုးရေးတွင် ဖျက်ပိုးနှင့်ရောဂါကျရောက်မှု အနည်းငယ်ရှိပါသည်။ အခြား တိရိစ္ဆာန်မျိုးကွဲများလည်း အနည်းငယ်တွေ့ရှိရပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့အိမ်များသည် အမှိုက်များကို မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့်အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ကျေးရွာ၏အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုများ မရှိချေ။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့်သားရေး/သမီးရေးကိစ္စများနှင့်သာ အလုပ်ရှုပ်သောကြောင့် ပါဝင်နိုင်ခြင်းမရှိပါ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေး/ နာရေးများတွင် အမျိုးသမီးများသည်ဦးဆောင်၍ ရွာလုံးကျွတ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိပါ။ အမျိုးသမီးများအကြမ်းဖက်မှုနှင့်ပတ်သက်၍ တစ်လင်တစ်မယားစနစ်၊ ဖောက်ပြန်ပါက တရားစွဲဆိုနိုင်ခြင်း၊ မိမိဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ပြုလုပ်၊ ပြောဆို၊ စွပ်စွဲပါက အသေရေဖျက်မှုဖြင့် တရားစွဲဆိုနိုင်ခြင်းစသည်ဖြင့် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်ဗဟုသုတရှိကြပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင်းရှိ လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး၊ ဘာသာရေး လုပ်ငန်း၊ များတွင် ရိုးရာဓလေ့ထိန်းသိမ်းခြင်းနှင့်ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှုအားနည်းပါသည်။ ရပ်ရွာပွဲများတွင် လူငယ်များသည် မိမိတို့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေလေ့ရှိကြသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့်အထောက်အကူပြုပစ္စည်းများမရှိပါ။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာများနေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက်များမရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ ကျေးရွာတွင် တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ ရှိသော်လည်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြုအဆောက်အဦးများနှင့် အာမခံလုပ်ငန်းများ၏ဝန်ဆောင်မှုများမရှိပါ။ ကျွန်တော်တို့ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှုနှင့် မူးယစ်ဆေးသုံးစွဲမှုများမရှိပါ။ အမျိုးသမီးများအား အကြမ်းဖက်မှုများလည်းမရှိပါ။

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁	✔	✔			
၂	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၂		✔	✔		
၃	သုဿာန်မြေဝယ်ယူရရှိရေး ချေးငွေရရှိရန် ဆောင်ရွက်ခြင်း	၃	✔	✔	✔		
၄	အိမ်တိုင်ရာရောက်ပိုက်လိုင်းသွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်း	၄	✔	✔	✔	✔	✔
၅	ကျန်းမာရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်း	၅	✔	✔	✔	✔	✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) စျေးကုန်းကျေးရွာ

ကျေးရွာ	- စျေးကုန်းကျေးရွာ
ကျေးရွာအုပ်စု	- မန်းပွဲလုံကျေးရွာအုပ်စု
မြို့နယ်	- လား:ရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- ကွန်ကရစ်ခင်းခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာလမ်းတွင်ဗွက်များ၊ချိုင့်များဖြစ်နေသောကြောင့်ရွာသူ/သားများ၊ကျောင်းသူ/သားကျောင်းသွားကျောင်းပြန်ရာတွင်၄င်း၊သွားလာရာတွင်အခက်အခဲများရှိပါသည်။ စီးပွားရေးအတွက်ရောင်းဝယ်ဖောက်ကားရာတွင်အခက်အခဲများဖြစ်စေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလမိုးကြီးသည့်အခါများတွင်ဗွက်များ၊ချိုင့်များမရှိစေရန်၊ ကျောင်းသားကျောင်းသူများပညာသင်ယူမှုတွင်သွားလာရအဆင်ပြေစေရန်၊	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • လမ်းကောင်းမွန်မှုကြောင့်လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • ကျောင်းသား/ကျောင်းသူများပညာသင်ယူမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • လမ်းကောင်းမွန်မှုကြောင့်စီးပွားရေးရောင်းဝယ်မှုပိုမိုအဆင်ပြေလာမည်။ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။ •	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၈၀၀'× ၁၂'× ၆") **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု**	

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀(ငွေသား) • ၄၁၅၀၀၀၀(ငွေသား) • ××××××××× (ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၉၄	၁၅၁	၃၄၅	၂	၄၀	၁၃	၅	၆၀
အကျိုးခံစားမည့်သူဦးရေ	၁၉၄	၁၅၁	၃၄၅	၂	၄၀	၁၃	၅	၆၀
မှတ်ချက်။ ။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • **ဈေးကုန်း**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၆.၂.၂၀၂၁
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၂.၃.၂၀၂၁
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • လမ်းခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။ • လမ်းပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ • လမ်းပြုပြင်မှုအားမပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများအားလုံးထိန်းသိမ်းသွားပါမည်။ • လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

မန်းပွဲလုံကျေးရွာအုပ်စု၊ ဈေးကုန်းကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးနာဆီး	ဦးဝင်စီခိုင်	၁၃/လရန(နိုင်) ၂၃၈၂၇၀	၄၁	ဥက္ကဋ္ဌ	၀၉-၂၆၁၅၈၇၈၃
၂	ဦးဇော်မင်းထွေး	ဦးကျော်မြင့်	LS0-၂၂၅၉၁၆	၃၈	အဖွဲ့ဝင်	၀၉-၂၆၆၈၈၈၆၇
၃	ဦးစိုင်းသန်းဦး	ဦးကျော်မြင့်	၁၃/နခန(နိုင်) ၀၈၁၇၀၃	၃၂	စာရင်းကိုင်	၀၉-၄၂၂၄၄၄၃၈
၄	ဦးကျင်းရွှေပေါင်း	ဦးကျန်ကျင်ဟွာ	၁၃/လရန(နိုင်) ၀၆၇၀၁၇	၄၂	ဘဏ္ဍာရေးမှူး	၀၉-၇၇၇၄၈၁၉၅
၅	ဒေါ်သန်းသန်းဦး	ဦးရန်အောင်	၁၃/လရန(နိုင်) ၁၉၀၂၀၆	၁၉	သေ့ကိုင်	၀၉-၇၇၆၄၃၅၆၁
၆	ဒေါ်မြင့်မြင့်အေး	ဦးကျင်းရွှေပေါင်း	လျှောက်ထားဆဲ	၁၈	သေ့ကိုင်	၀၉-၄၅၇၀၇၁၃၃၁
၇	ဒေါ်အေးအေးနွယ်	ဦးယူချင်	LS0-၂၁၄၃၅၇	၃၂	အတွင်းရေးမှူး	၀၉-၄၂၁၉၂၀၈၈၆

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇော်မင်းထွေး	ဦးကျော်မြင့်	LS0-၂၂၅၉၁၆	၃၈	ဥက္ကဋ္ဌ	၀၉-၂၆၆၈၈၈၆၇
၂	ဒေါ်သန်းသန်းဦး	ဦးရန်အောင်	၁၃/လရန(နိုင်) ၁၉၀၂၀၆	၁၉	စာရင်းကိုင်	၀၉-၇၇၆၄၃၅၆၁
၃	ဒေါ်မြင့်မြင့်အေး	ဦးကျင်းရွှေပေါင်း	လျှောက်ထားဆဲ	၁၈	ဘဏ္ဍာရေးမှူး	၀၉-၄၅၇၀၇၁၃၃၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၁	၃		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၈	၁၅		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၇	၂၀	၃၇		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၄	၁၄	၃၈		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၆	၁၀၇	၂၄၃		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၆	၁၁		
စုစုပေါင်း		၁၉၄	၁၅၁	၃၄၅		
စုစုပေါင်း အိမ်ထောင်စု						၆၀

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုခနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာနမှ နို့စို့အရွယ်ကလေးများကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျှက်ရှိပါသည်။ တခြားရွာများမှ ကလေးများသည်လည်း ကျွန်တော်တို့ရွာတွင်သာ ကျောင်းလာ တက်ရောက်ရပါသောကြောင့် စာသင်ခန်းများ၊ ဆရာ/မများမလုံလောက်ပါ။ အိမ်ထောင်စုအများစုသည် စီးပွားရေးမပြေလည်မှုကြောင့် သားသမီးများသည် ကျောင်းပြီးသည့်တိုင် မတက်ရောက်နိုင်ပဲ အလုပ်လုပ်ကိုင်ကြရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၄၁	၉၃		၆၄	၂၉		မြင့် □ လတ်☑ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	၁၉	၆၄		၄၂	၂၂		မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ်

လုပ်ကိုင်သူများ"အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကိုယ်ပိုင်လုပ်ငန်းများ ရပ်တည်နိုင်မှုအခြေအနေမှာ အလယ်အလတ်အဆင့်တွင် ရှိပါသည်။ ပြီးခဲ့သော ၃/၄နှစ်တွင် မျိုးစေ့စျေးနှုန်း၊ မြေဩဇာစျေးနှုန်းများ မြင့်မားလာမှုကြောင့် တောင်ယာလုပ်ငန်းအပြင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူလာကြသည်။ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု နည်းပါးလာကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ လက်ရှိကျေးရွာတွင် လခစားများမရှိသေးပါ။ နေ့စားအလုပ်သမားများသာ ရှိပါသည်။ နေ့စား

အလုပ်သမားများ၏ တစ်ရက်တာလုပ်အားခမှာ (၅၀၀၀)မှ (၈၀၀၀)ကြားတွင် ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၈	ကောင်း ☐	သင့်☐	ညံ့ ☑
ယာမြေ / တောင်ယာမြေ	၂၇၈	ကောင်း ☐	သင့်☐	ညံ့ ☑
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၈၆	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ မြေဆီလွှာအရည်အသွေးသည် အလွန်ညံ့ပါသောကြောင့် စိုက်ပျိုးရေးများ ကောင်းမွန်စွာ မဖြစ်ထွန်းနိုင်ပါ။ ထို့ကြောင့် ရွာရှိ မိသားစုအချို့သည် မြေကွက်များ များပြားစွာပိုင်ဆိုင်သော်လည်း စီးပွားရေးအဆင်ပြေခြင်းမရှိကြပါ။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဓာတ်သတ္တုနှင့်သဘာဝရင်းမြစ်များ ရှာတွင်မရှိပါ။ အခြားရှာများမှ ဝယ်ယူအသုံးပြုရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂	၄၀	၁၃	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ရွာသူ/သားများ၏ ယေဘူယျစီးပွားရေးအခြေအနေသည် မတောင့်တင်းပါသဖြင့် ရွာ၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် အခက်အခဲရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။
လေ့လာတွေ့ရှိချက်။။။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
လေ့လာတွေ့ရှိချက်။။။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✔			✔		
၂	လျှပ်တပြတ်ရေကြီးခြင်း	✔			✔		
၃	မုန်တိုင်းဒီရေ	✔			✔		
၄	ဆူနာမီ	✔			✔		
၅	တိုင်ဖုန်းမုန်တိုင်း	✔			✔		
၆	လေဆင်နာမောင်း	✔			✔		
၇	ငလျင်	✔			✔		
၈	အပူလှိုင်း	✔			✔		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✔			✔		
၁၀	အအေးလှိုင်း	✔			✔		
၁၁	မိုးသီးကြွေကျမှု	✔			✔		
၁၂	မိုးခေါင်ခြင်း		✔			✔	
၁၃	တောမီးလောင်ခြင်း		✔			✔	
၁၄	မြစ်ကမ်းပါးပြိုခြင်း	✔			✔		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✔			✔		
၁၆	မြေပြိုခြင်း	✔			✔		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✔			✔		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✔			✔	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✔			✔	
၂၀	သစ်တောပြုန်းတီးခြင်း			✔			✔
၂၁	ငှက်ဖျားရောဂါ		✔			✔	
၂၂	တီဘီရောဂါ		✔			✔	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✔			✔		
၂၄	ကပ်ရောဂါ		✔			✔	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၅	ပြည်တွင်းပဋိပက္ခ	✔			✔		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✔			✔	
၂၇	လူကုန်ကူးခြင်း	✔			✔		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		✔			✔	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ-

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ စားနပ်ရိက္ခာ ဖူလုံမှုရှိပါသည်။ သဘာဝအရင်းအမြစ် ရှားပါးမှု မရှိပါ။ တိရစ္ဆာန်ကူးစက်ကျရောက်မှု အနည်းငယ် ရှိပါသည်။ သစ်တောပြုန်းတီးခြင်းများ ရှိပါသည်။ သစ်ဝါးများကို ခုတ်ယူသုံးစွဲ ကျသော်လည်း သစ်ပင်များ စိုက်ပျိုးခြင်း မရှိပါ။ ဥပမာအားဖြင့် ကာကွယ်ထိန်းသိမ်းမှု၊ ပညာပေးမှုအားနည်းကြောင်း တွေ့ရှိ ရပါသည်။ ကျွန်တော်တို့ရွာတွင် သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုကြောင့် မိုးခေါင်ခြင်းများ ရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✔			✔		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✔			✔	
၃	ဆင်းရဲသားတောင်သူ		✔			✔	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	✔			✔		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✔			✔		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✔			✔		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✔			✔		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✔			✔		
၉	ငါးကန်ပိုင်ရှင်များ	✔			✔		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✔			✔	
၁၁	လူနည်းစုလူမျိုးများ	✔			✔		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✔			✔		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✔			✔		
၁၄	ရွှေတွင်းလုပ်သားများ	✔			✔		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✔			✔		
၁၆	နေရပ်ပြန်အခြေချသူများ	✔			✔		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✔			✔		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✔			✔		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ဘေးအန္တရာယ်များကျရောက်လာပါက ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမှာ လက်လုပ်လက်စား သမားများများပြားပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ယဉ်ကျေးမှုအဖွဲ့	၁□၂□၃☑	၁၀	၆	၁၆	ပညာရေး□ဘွေကြေး□ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၂	လူမှုရေးအဖွဲ့	၁□၂☑၃□	၁၀		၁၀	ပညာရေး☑ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၃	ပြည်သူ့စစ်အဖွဲ့	၁□၂☑၃□	၁၂		၁၂	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၄	သာရေး/နာရေးအဖွဲ့	၁□၂□၃☑	၄		၄	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ဘွေစုဘွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများမှာ ယဉ်ကျေးမှုအဖွဲ့၊ လူမှုရေး အဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ သာရေး/နာရေး အဖွဲ့များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။ လေ့လာတွေ့ရှိချက်။ ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၂		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၈		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၄		တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၂		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၄		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၆၀		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ၂.၅ ဧက အောက် (၈)အိမ်ထောင်စု၊ ၂.၅ ဧက မှ ၅ဧကကြား (၁၄) အိမ်ထောင်စု၊ ၅ဧက မှ ၁၂ ဧက ကြား (၁၂)အိမ်ထောင်စု၊ ၁၂ ဧက နှင့်အထက် (၄)အိမ်ထောင်စုတို့ ဖြစ်သည်။ မြေယာမဲ့အိမ်ထောင်စု (၂၂)အိမ်ထောင်စု ရှိပါသည်။

